



VOLUME X, ISSUE 18 18 November 2021



| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) (၁၃)ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက် | ၁ |
| ၂ | (၁၀)ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးကျင်းပ၊ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်းကြေညာ | ၂ |
| ၃ | တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် ရွှေဟောင်းသမိုင်းဝင် အထင်ကရဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ | ၃ |
| ၄ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၅ |
| ၅ | အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာသတ်ဖြတ်ခြင်းကြောင့် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၂ ဦး သေဆုံး၊ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ | ၇ |
| ၆ | အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်တို့၏ စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခဲ့သူများအား လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ | ၉ |

# Information Sheet

## ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) (၁၃)ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နိုဝင်ဘာလ ၁၇ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းကျင်းပသည့် (၁၃)ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိရောက်သော ရလဒ်များရရှိရေးအတွက် လာအိုနိုင်ငံအစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၁)**

- **လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ ပူးပေါင်းကျင်းပသည့် (၁၃)ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့။**
- **ဆွေးနွေးပွဲကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိရောက်သောရလဒ်များရရှိရေးအတွက် လာအိုနိုင်ငံအစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်။**

# (၁၀)ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးကျင်းပ၊ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများစတင်ကြောင်းကြေညာ



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နိုဝင်ဘာလ ၁၇ ရက်က ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးရုံးမှ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး နှင့် ကနေဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် အငယ်စားစီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံနှင့် ကနေဒါနိုင်ငံတို့မှ စီးပွားရေး ဝန်ကြီးများနှင့် အဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ ဝန်ကြီးများက အာဆီယံ-ကနေဒါ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ်(၂၀၂၁-၂၀၂၅)၏ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဆွေးနွေးရာတွင်-

- ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ပြန်လည်စတင်ရေးနှင့် နယ်စပ်ဒေသများ ပြန်လည်ဖွင့်လှစ်ရေး၏ အရေးပါမှု အခြေအနေများ။
- အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်စေ့စပ်ညှိနှိုင်းမှုများစတင်ရန် ကိစ္စများကို ပါဝင်ဆွေးနွေးခဲ့။

အစည်းအဝေး၌ အနာဂတ် အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အတွက် အပြီးသတ်ကိုးကားစာတမ်းကို ဝန်ကြီးများက အတည်ပြုခဲ့ပြီး အဆိုပါသဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများစတင်ကြောင်း ကြေညာရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံဆွေးနွေးခဲ့သည်။

အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ကို ဆောင်ရွက်ခြင်းအားဖြင့် ကနေဒါနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါသဘောတူစာချုပ်တွင်ပါဝင်ခြင်းဖြင့် ကနေဒါနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာပြီး ကနေဒါဈေးကွက်သို့ မြန်မာ့ပို့ကုန်များ တင်ပို့နိုင်သည့်အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်သည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၁)**

- ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှုများစတင်ရန်ကိစ္စများကို ပါဝင်ဆွေးနွေးခဲ့။
- အစည်းအဝေး၌ အနာဂတ်အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အတွက် အပြီးသတ်ကိုးကားစာတမ်းကို ဝန်ကြီးများက အတည်ပြုခဲ့ပြီး အဆိုပါသဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်း ကြေညာရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံဆွေးနွေးခဲ့။
- အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်တွင် ပါဝင်ခြင်းအားဖြင့် ကနေဒါနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာပြီး ကနေဒါဈေးကွက်သို့ မြန်မာ့ပို့ကုန်များ တင်ပို့နိုင်သည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်။

## တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် ရှေးဟောင်းသမိုင်းဝင်အထင်ကရ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရဘုရားများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှု

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာပြည်အရပ်ရပ်တွင် တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ရှေးဟောင်းသမိုင်းဝင် အထင်ကရဘုရားပုထိုးများ၌လည်း ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပါသည်-

- မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် သမိုင်းဝင်တန်ခိုးကြီးဘုရားများကို လာရောက်ဖူးမြော်လျက်ရှိပြီး ရှေးဟောင်းနံရံဆေးရေးပန်းချီများ၊ ကနုတ်ပန်း၊ ကျောက်ဆစ်ပန်းများကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသူများ များပြားလျက်ရှိ။
- ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရဘုရားများ၊ ရန်အောင်ဇေယျ(ခ)သျှစ်သောင်းပုထိုးတော်ကြီးသို့ မြန်မာပြည်အရပ်ရပ်မှ လာရောက်ဖူးမြော်သူများ များပြားလျက်ရှိပြီး ဖူးမြော်သူများမှ ပုထိုးတော်ကြီးအတွင်းရှိ ရခိုင်ရှေးဟောင်းအနုပညာဗိသုကာလက်ရာများ၊ နံရံထွင်းကျောက်ဆစ်အနုပညာလက်ရာများကို လေ့လာသူများဖြင့် စည်ကားလျက်ရှိ။

ထို့အပြင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားပုထိုးစေတီများတွင်လည်း ရှေးအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မသိုးမြတ်သင်္ကန်းကပ်လှူပူဇော်ခြင်းများ၊ ငွေပဒေသာပင်လှူဒါန်းခြင်းများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပလျက်ရှိပြီး ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၁)**

## တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် ရှေးဟောင်းသမိုင်းဝင်အထင်ကရ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည့် မှတ်တမ်းဓာတ်ပုံများ



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှု



ဇလွန်မြို့၊ ဇလွန်ပြည်တော်ပြန်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှု



အိမ်မဲမြို့၊ ရှင်ပင်ချမ်းသာကြီးဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှု



သံဖြူဇရပ်မြို့၊ ကျိုက်နဲရေလယ်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှု

- နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာပြည်အရပ်ရပ်တွင် တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများ၌ လာရောက်ဖူးမြော်သူများ၊ ရှေးဟောင်းအနုပညာလက်ရာများကို လေ့လာသူများ၊ အစဉ်အလာမပျက် တန်ဆောင်တိုင်ပွဲတော် ကျင်းပနေသူများဖြင့် စည်ကားလျက်ရှိပြီး ပွဲတော်များကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပလျက်ရှိ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးပေးနေမှု**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအဖြစ် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

- နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့် သူ အမျိုးသား ၁၁၆ ဦးနှင့် အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၂၁၉ ဦးအား လက်ခံ ကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၀၆,၇၁၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၇,၄၈၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ များ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ကျောင်းသား/သူစုစုပေါင်း ၄၄,၀၄၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ကျောင်းသား/သူစုစုပေါင်း ၆,၃၀၇ ဦးအား လည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုဝင်ဘာလ ၁၇ ရက်အထိ စုစုပေါင်း ၁,၂၈၂,၃၅၅ ဦးအား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာလ ၁၆ ရက်တွင် ကျင်းပခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့။
- မကွေးတိုင်းဒေသကြီးတွင် အောက်ဆီဂျင်လိုအပ်ချက်အတွက် အောက်ဆီဂျင်စက်ရုံ ၂၁ ရုံ တည်ဆောက်ခဲ့ရာ စက်ရုံ ၁၆ ရုံ စတင်လည်ပတ်လျက် ရှိပြီး စက်ရုံ ၅ ရုံ တည်ဆောက်ဆဲဖြစ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၁၇ ရက်တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ မြဝတီ၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးကုန်သွယ်ရေးစခန်းသုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂ ခုမှ ယာဉ် ၄ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊

PPE ဝတ်စုံ ၄၄၀ နှင့် နှာခေါင်းစည်း (Mask) ၁၄ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၇ ရက် တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၄,၂၉၀ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄၃ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၃.၄၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၇-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာစုစုပေါင်း ၅,၂၈၄,၁၀၉ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၁၅,၅၅၉ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၉၇၅ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၁)**



ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့၌ ကိုဗစ်၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



တောင်ငူမြို့ရှိ ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်နေမှု



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်နေမှု

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၀၆,၇၁၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၉၇,၄၈၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **၁၇-၁၁-၂၀၂၁ ရက်အထိ အတည်ပြုလူနာစုစုပေါင်း ၅၁၅,၅၅၉ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၉၇၅ ဦးရှိခဲ့။**
- **မကွေးတိုင်းဒေသကြီးတွင် အောက်ဆီဂျင်လိုအပ်ချက်အတွက် အောက်ဆီဂျင်စက်ရုံ ၂၁ ရုံ တည်ဆောက်ခဲ့ရာ စက်ရုံ ၁၆ ရုံ စတင်လည်ပတ်လျက်ရှိပြီး စက်ရုံ ၅ ရုံ တည်ဆောက်ဆဲဖြစ်။**

# အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာသတ်ဖြတ်ခြင်းကြောင့် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၂ ဦးသေဆုံး၊ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် အနန္တောအနန္တ ဂိုဏ်းဝင်အဖြစ် ရိုသေလေးစားမှုရှိစွာဖြင့် ပြုမူဆက်ဆံခြင်းကို ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ်သတ်မှတ်ထားပြီး ဆရာ၊ ဆရာမများသည်လည်း ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာသင်ကြားပို့ချရုံသာမက ဆရာကျင့်ဝတ်ကျေပွန်စွာ တာဝန်ထမ်းဆောင်နေသူများလည်း ဖြစ်ပါသည်။

ယခုအခါ မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ၊ ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ရသည်။

အကြမ်းဖက်အဖွဲ့များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဆရာ၊ ဆရာမနှင့် ပညာရေးဝန်ထမ်းစုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

အကြမ်းဖက်အဖွဲ့များသည် အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများအား ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာဆက်သွယ် သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၁)**



**ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများမှ ပညာရေးဝန်ထမ်းများအား မီးရှို့သတ်ဖြတ်ခဲ့မှု**



**နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာ အမကမူလွန်ကျောင်းတွင် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ပညာရေးဝန်ထမ်းများသေဆုံးမှု**

### ၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ သေဆုံးခဲ့သည့် ဦးစီးဇယား

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | သေဆုံးစုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်း | ၃ | ၂ | ၂ | ၄ | |
| ၂ | ပဲခူး | ၁ | | ၁ | ၁ | |
| ၃ | မကွေး | ၁ | ၁ | ၁ | ၂ | |
| ၄ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၅ | ရန်ကုန် | ၁ | ၁ | | ၁ | |
| စုစုပေါင်း | | ၁၀ | ၇ | ၅ | ၁၂ | |

### ၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ ဒဏ်ရာရရှိခဲ့သည့် ဦးစီးဇယား

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | ဒဏ်ရာရစုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | | ၁ | ၁ | |
| ၂ | စစ်ကိုင်း | ၃ | ၃ | | ၃ | |
| ၃ | ပဲခူး | ၁ | ၅ | | ၅ | |
| ၄ | မကွေး | ၁ | ၁ | | ၁ | |
| ၅ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၆ | ဧရာဝတီ | ၁ | ၁ | | ၁ | |
| စုစုပေါင်း | | ၁၁ | ၁၃ | ၂ | ၁၅ | |

- မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှိသေလေးစားမှုရှိစွာဖြင့် ပြုမူဆက်ဆံပြီး ဆရာ၊ ဆရာမများသည်လည်း ကျောင်းသား၊ ကျောင်းသူများအား အတတ်ပညာသင်ကြားပို့ချရုံသာမက ဆရာကျင့်ဝတ်ကျေပွန်စွာ တာဝန်ထမ်းဆောင်နေသူများဖြစ်။
- အကြမ်းဖက်အဖွဲ့များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဆရာ၊ ဆရာမနှင့် ပညာရေးဝန်ထမ်းစုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။

# အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်တို့၏စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခဲ့သူများအား လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH၊ NUG နှင့် PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးဆောင်ရွက်လျက်ရှိရာ လုံခြုံရေးပူးပေါင်းအဖွဲ့သည် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ နိုဝင်ဘာလ ၁၂ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာတွင် အောင်ဇင်ဖြိုး(ခ)မင်းကြီး (၁၉)နှစ်အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ စိစစ်ဖော်ထုတ်ချက်များအရ-

- နိုဝင်ဘာလ ၁၄ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ တရားခံ ၅ ဦးအား ဖမ်းဆီးရမိခဲ့။
- နိုဝင်ဘာလ ၁၅ ရက်တွင် လှိုင်မြို့နယ်၌ တရားခံ ၃ ဦးအားလည်းကောင်း၊ ဒဂုံမြို့နယ်၌ တရားခံ ၂ ဦးအားလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်၌ ၁၁ ဦးအား MK–12 ၁ လက်၊ MK–12 ကျည်အိမ် ၂ ခု၊ AK–47 ၂ လက်၊ AK–47 ကျည်အိမ် ၄ ခု၊ M–16 ၁ လက်၊ M–16 ကျည်အိမ်၂ ခု၊ ၁၂ ဗို့ကျည် ၁၅ တောင့်၊ ၅.၅၆ ကျည် ၃၀ တောင့်၊ ၇.၆၂ ကျည် ၁၁၀ တောင့်တို့ဖြင့်လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ တရားခံ ၁ ဦးအား M 4 သေနတ် ၃ လက်၊ M 4 ကျည်အိမ် ၄ ခု၊ M 16 ကျည်အိမ် ၂ ခု၊ MK 12 သေနတ် ၁ လက်၊ MK 12 ကျည်အိမ် ၂ ခု၊ ၅.၅၆ ကျည် ၁၄၄ တောင့်၊ ၁၂ ဗို့ကျည် ၄၀ တောင့်တို့ဖြင့်လည်းကောင်း ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ တရားခံ ၂ ဦးအား Sigsauer ပစ္စတို ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၉မမ ကျည် ၂၄ တောင့်၊ လက်လုပ်ဗုံး ၄ လုံး၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့။
- နိုဝင်ဘာလ ၁၆ ရက်တွင် မရမ်းကုန်းမြို့နယ်၊ တရားခံ ၂ ဦးအားလည်းကောင်း၊ ဗဟန်းမြို့နယ်၌ တရားခံ ၄ ဦးအားလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်၌ တရားခံ ၆ ဦးအား Sigsauer ပစ္စတို ၁ လက် ၊ ကျည်အိမ် ၁ ခု၊ ကျည် ၂၃ တောင့်တို့ဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်၌ တရားခံ ၆ ဦးအား M–16 ၄ လက်၊ M–16 ကျည်အိမ် ၈ ခု၊ MK–12 ၂ လက်၊ MK–12 ကျည်အိမ် ၄ ခု၊ Sigsauer ပစ္စတို ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၅.၅၆ ကျည် ၂၂၉ တောင့်၊ AK–47 ၂ လက်၊ AK–47 ကျည်အိမ် ၄ ခု၊ ၁၂ ဗို့ကျည် ၂၈ တောင့်၊ ၉မမ ကျည် ၇ တောင့်၊ ၇.၆၂ ကျည် ၁၁၅ တောင့်၊ လက်လုပ်ဗုံး ၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ ငစစ်မှာ (၅)လွှာမှ ခုန်ချထွက်ပြေးစဉ် သေဆုံးခဲ့သဖြင့် အသေဖမ်းဆီးရမိခဲ့။
- နိုဝင်ဘာလ ၁၇ ရက်တွင် မရမ်းကုန်းမြို့နယ်၊ တရားခံ ၂ ဦးအား MK–12 ၂ လက်၊ ကာဘိုင် ၁ လက်၊ လက်လုပ်ပစ္စတို ၃ လက်၊ ၅.၅၆ ကျည် ၂၅ တောင့်၊ ၁၂ ဗို့ကျည် ၅၀ တောင့်၊ ၉မမ ကျည် ၄၅ တောင့်၊ လက်လုပ်မိုင်း ၄ လုံး၊ ရီမုမိုင်း ၄ လုံးတို့ဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်၌ တရားခံ ၁ ဦးအား M–79 ဗုံးပစ်လောင်ချာ ၁ လက်၊ M–79 ဗုံးသီး ၅ လုံးတို့ဖြင့်လည်းကောင်း၊ ဗဟန်းမြို့နယ်၊ ယူနိုက်တက်ကွန်ဒိုမှ M–16 ၆ လက်၊ M–16 ကျည်အိမ်၂၅ ခု၊ MK–12 ၁ လက်၊ MK–12 ကျည်အိမ် အတို/အရှည် ၆ ခု၊ AK–47 ၁ လက်၊ AK–47 ကျည်အိမ် ၂ ခု၊ မှန်ပြောင်း ၁ ခု၊ ၄၀ မမဗုံးသီး ၁၂ လုံး၊ ၁၂ ဗို့ကျည် ၅၀ တောင့်၊ ရှေ့ထွက်မိုင်း ၄ လုံး၊ ပစ္စတိုကျည်အိမ်၂ ခု၊ ၉ မမ ကျည် ၃၅ တောင့်၊ ၇.၆၂ ကျည် ၅၀ တောင့်၊ ၅.၅၆ ကျည် ၁၀၈၅ တောင့်၊ မီးခိုးဗုံး ၅ လုံး၊ ရှို့ပစ် ၂ လုံး၊ ယမ်းမှုန့်(မီးခိုးရောင်) ၇ ထုပ်တို့အား ဖမ်းဆီးရမိခဲ့။
- ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်နေသော ဖမ်းဆီးရန်ကျန် သန်လျင်မြို့နယ် NLD ပါတီဝင် တရားခံ ဝင်းကို(ခ) စံရှားမှ Special Operation Force–SOF အကြမ်းဖက်အဖွဲ့အား Area–1 မှ Area–7 အထိ ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့ဝင်များအား NUG မှ တရားခံပြေး လွင်ကိုလတ်၏ စေခိုင်းချက်အရ KNLA မှ ရင်းမှူးအဆင့်ရှိ ရန်နိုင်သည် KNLA တပ်မဟာ (၆)နယ်မြေအတွင်း လက်နက်ငယ်သင်ခန်းစာများ၊ ဒရုန်းများတွင် ဗုံးတပ်ဆင်၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးသင်ခန်းစာများ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းတက်ရောက်စဉ် လွင်ကိုလတ်နှင့် ရန်နိုင်တို့မှ လာရောက်ကြည့်ရှု၍ သင်တန်းဆင်းပါက ရန်ကုန်မြို့အတွင်း နယ်မြေအလိုက် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ဖြိုးဇေယျာသော်(ခ)မောင်

ကျော်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးပြီး လိုအပ်သော ငွေကြေး၊ လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများအား ထောက်ပံ့ပေးမည်ဟု ပြောကြားခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများမှ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခဲ့မှုအနေဖြင့်–

- စက်တင်ဘာလ ၅ ရက်တွင် Area-3 အဖွဲ့ဝင် ၂ ဦးသည် သာကေတမြို့နယ်၊ အမှတ်(၁) ရဲစခန်းအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့။
- စက်တင်ဘာလ ၄ ရက်တွင် Area-1အဖွဲ့ဝင် ၁၁ ဦးသည် မြောက်ဥက္ကလာပမြို့နယ်၊ ဗိုလ်မှူးဗထူးတံတားထိပ်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့။
- အောက်တိုဘာလ ၂၃ ရက်တွင် Area-3 အဖွဲ့ဝင် ၇ ဦးသည် ဗားကရာလုံခြုံရေးအဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပြီး ပန်းလှိုင်လမ်း၌ အသင့်စောင့်ဆိုင်းနေသော Honda Insight ယာဉ်ဖြင့် ပြောင်းလဲထွက်ခွာခဲ့ကာ ပစ်ခတ်မှုဖြစ်စဉ်တွင် အသုံးပြုခဲ့သော Honda Airwave ယာဉ်အား ပန်းလှိုင်လမ်း၌ ထားခဲ့။
- အောက်တိုဘာလ ၂၄ ရက်တွင် Area-2 အဖွဲ့ဝင် ၂ ဦးသည် တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက် ဓမ္မာရုံအနီးရှိ ကင်းတဲအား လက်လုပ်ဗုံး ၁ လုံးဖြင့် ပစ်ခတ်ခဲ့။
- နိုဝင်ဘာလ ၆ ရက်တွင် Area-2 အဖွဲ့ဝင် ၂ ဦးသည် မြတ်သူ(ခ)နတ်ဆိုး၏စေခိုင်းမှုဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၅ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးအနီးတွင် လက်လုပ်ရီမိုမိုင်း ၁ လုံးဖြင့် ဖောက်ခွဲခဲ့။
- နိုဝင်ဘာလ ၁၅ ရက်တွင် Area-5 အဖွဲ့ဝင် ၉ ဦးသည် အကြမ်းဖက်အဖွဲ့ဖြစ်သည့် SOF အဖွဲ့ခေါင်းဆောင် ဝင်းကို(ခ)စံရှား၏ စေခိုင်းမှုဖြင့် သာကေတမြို့နယ်ဘက်ခြမ်းရှိ သန်လျင်တံတားလုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်ရှိ Safe House နေအိမ်တွင် လက်နက်/ ခဲယမ်းများအား သိုဝှက်ကာ လူစုခွဲခဲ့ကြောင်း။
- နိုဝင်ဘာလ ၁၅ ရက်တွင် Area-7 အဖွဲ့သည် ဝင်းကို(ခ)စံရှား၏ စေခိုင်းမှုဖြင့် ထန်းတပင်မြို့နယ်၊ စစ်ဆေးရေးဂိတ်ရှိလုံခြုံရေးတပ်ဖွဲ့ဝင်များအား CRV အမျိုးအစား လိုင်စင်မဲ့ယာဉ်ပေါ်မှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ CRV ယာဉ်အား ရေမြောင်းအတွင်းသို့ ထိုးချခဲ့ပြီး လက်နက်/ ခဲယမ်းများအား ဖမ်းဆီးရန်ကျန် တရားခံ ကြက်ပေါက်ထံတွင် သိမ်းဆည်းခဲ့ကြောင်း။
- ဖြစ်စဉ်တွင် တရားခံ ကျား ၄၀ ဦး၊ မ ၇ ဦး၊ ပေါင်း ၄၇ ဦးအား လက်နက်ငယ်မျိုးစုံ ၃၄ လက်၊ ကျည်အိမ်မျိုးစုံ ၇၀ ခု၊ ကျည်မျိုးစုံ ၂၁၀၅ တောင့်၊ ၄၀ မမဗုံးသီး ၁၇ လုံး၊ လက်လုပ်ဗုံး ၁၀ လုံး၊ ရီမိုမိုင်း ၄ လုံး၊ ရှေ့ထွက်မိုင်း ၄ ခု၊ မီးခိုးဗုံး ၅ လုံး၊ ရှို့ပစ် ၂ လုံး၊ ယမ်းမှုန့် (မီးခိုးရောင်) ၇ ထုပ်၊ မှန်ပြောင်း ၁ ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြားများအား ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဆေးစစ်ချက်အရ မူးယစ်ဆေးဝါးများသုံးစွဲ၍ အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရ။
- အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ လွင်ကိုလတ်သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် KNLA တပ်မဟာ(၆)တွင် တိမ်းရှောင်လျက်ရှိသော ဝင်းကို(ခ)စံရှားနှင့် ချိတ်ဆက်ကာ ၎င်းအဖွဲ့များအား ငွေကြေးထောက်ပံ့ခြင်း၊ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရ။
- လွင်ကိုလတ်သည် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများအား ပြုလုပ်ရာတွင် Area အလိုက် တာဝန်ပေးထားသူများအနေဖြင့် ဖြိုးဇေယျာသော်(ခ) မောင်ကျော်နှင့် ချိတ်ဆက်၍ အများပြည်သူများ ထိခိုက်နစ်နာစေရန်နှင့် အထိတ်တလန့်ဖြစ်စေရေးအတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် Zoom Meeting မှတစ်ဆင့် ညွှန်ကြားမှုများပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရ။
- SOF အကြမ်းဖက်အဖွဲ့အနေဖြင့် ဖမ်းဆီးရန်ကျန် တရားခံ ဝင်းကို(ခ)စံရှား၏ စေခိုင်းမှုဖြင့် နိုဝင်ဘာလအတွင်း မြောက်ဥက္ကလာပမြို့နယ်၊ ဂန္ဓမာဟိုးဆေး ကုန်တိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းမီးပွိုင့်ရှိ ယာဉ်ထိန်းရုံးတို့အား ယာဉ် ၂ စီးဖြင့် ပစ်ခတ်နိုင်ရေးစီစဉ်လျက်ရှိကြောင်းနှင့် အဖွဲ့အလိုက် သက်ဆိုင်ရာမြို့နယ်များတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်းများအား နိုဝင်ဘာလ ၁၅ ရက်မှစ၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ရန် စီစဉ်နေစဉ် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုပေါင်း

ဆောင်ရွက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အချိန်မီ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်။

- ၎င်းတို့၏ရည်ရွယ်ချက်မှာ သီတင်းကျွတ်ကာလအတွင်း မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားကျောင်း ကန်သွားရောက်ခြင်း၊ ကုသိုလ်အလှူပွဲများပြုလုပ်ခြင်း၊ မိသားစုအေးချမ်းပျော်ရွှင်စွာ အပန်းဖြေခရီးသွားလာမှုများဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း၍ ပုံမှန်သွားလာစည်ကားဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် မနာလိုမရှုဆိတ်စွာဖြင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားမှုပျက်ပြားစေရန် ဆရာ၊ ဆရာမများကို သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်းများလုပ်ဆောင်ရန် ဆောင်ရွက်ထားကြောင်း။
- တန်ဆောင်တိုင်ကာလမတိုင်မီ နိဝင်ဘာလ ၁၅ ရက်မှစတင်၍ ပြည်သူများထိတ်လန့်တုန်လှုပ်ခြောက်ခြားပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများတိုးမြှင့်လုပ်ဆောင်ရန် NUG မှ ဇော်ဝေစိုး၊ ရည်မွန်၊ လွင်ကိုလတ်တို့က ၎င်းတို့၏လက်အောက်ခံ အကြမ်းဖက်အဖွဲ့များအား နိုင်ငံအနှံ့ အဖျက်အမှောင့်များနှင့် အကြမ်းဖက်မှုများ ဆောင်ရွက်ရန် ခိုင်းစေခဲ့ ကြောင်း။

နေအိမ်/ တိုက်ခန်း ငှားရမ်းနေထိုင်သူများအနေဖြင့် အကြမ်းဖက်မှုကျူးလွန်ကြောင်း ဖော်ထုတ်တွေ့ရှိပါက ငှားရမ်းသည့်ပိုင်ရှင်များအား တည်ဆဲဥပဒေအရ အရေးယူမည့်အပြင် နေအိမ်တိုက်ခန်းများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သက်သေခံအဖြစ် ထိန်းသိမ်း၍ တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းများဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ထုတ်ပြန်ထားပြီးဖြစ်သဖြင့် အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သော နေအိမ်/တိုက်ခန်းများနှင့် အကြမ်းဖက် PDF အဖွဲ့ဝင်များ နေထိုင်နိုင်ရေးအတွက် ငှားရမ်းပေးသော အိမ်ပိုင်ရှင်များအား တည်ဆဲဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၁)**

- **ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခဲ့သည့် တရားခံ ကျား ၄၀ ဦး၊ မ ၇ ဦး၊ ပေါင်း ၄၇ ဦးအား လက်နက်ငယ် မျိုးစုံ ၃၄ လက်၊ ကျည်အိမ်မျိုးစုံ ၇၀ ခု၊ ကျည်မျိုးစုံ ၂၁၀၅ တောင့်၊ ၄၀ မမဖုံးသီး ၁၇ လုံး၊ လက်လုပ်ဗုံး ၁၀ လုံး၊ ရီမုမိုင်း ၄ လုံး၊ ရှေ့ထွက်မိုင်း ၄ ခု၊ မီးခိုးဗုံး ၅ လုံး၊ ရှို့ပစ် ၂ လုံး၊ ယမ်းမှုန့် (မီးခိုရောင်) ၇ ထုပ်၊ မှန်ပြောင်း ၁ ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ လွင်ကိုလတ်သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် KNLA တပ်မဟာ(၆)တွင် တိမ်းရှောင်လျက်ရှိသော ဝင်းကို(ခ)စံရှားနှင့် ချိတ်ဆက်ကာ ၎င်းအဖွဲ့များအား ငွေကြေး ထောက်ပံ့ခြင်း၊ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိ။**
- **လွင်ကိုလတ်သည် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများအား ပြုလုပ်ရာတွင် Area အလိုက် တာဝန်ပေး ထားသူများအနေဖြင့် ဖြိုးဇေယျာသော်(ခ)မောင်ကျော်နှင့်ချိတ်ဆက်၍ အများပြည်သူများ ထိခိုက်နစ်နာစေရန်နှင့် အထိတ်တလန့်ဖြစ်စေရေးအတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများအတွင်း အကြမ်းဖက်လုပ်ငန်း များလုပ်ဆောင်ရန် Zoom Meeting မှတစ်ဆင့် ညွှန်ကြားမှုများ ပြုလုပ်ခဲ့။**
- **တန်ဆောင်တိုင်ကာလမတိုင်မီ နိဝင်ဘာလ ၁၅ ရက်မှစတင်၍ ပြည်သူများထိတ်လန့်တုန်လှုပ်ခြောက်ခြားပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် NUG မှ ဇော်ဝေစိုး၊ ရည်မွန်၊ လွင်ကိုလတ်တို့က ၎င်းတို့၏လက်အောက်ခံ အကြမ်းဖက်အဖွဲ့များအား နိုင်ငံအနှံ့ အဖျက် အမှောင့်များနှင့် အကြမ်းဖက်မှုများဆောင်ရွက်ရန် ခိုင်းစေခဲ့။**

# အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်တို့၏စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခဲ့သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား

နိုဝင်ဘာလ ၁၂ ရက်တွင် တောင်ဒဂုံမြို့နယ်၊ အင်းဝအိမ်ရာ၌ ဖမ်းဆီးရမိသူ



အောင်ဇင်ဖြိုး

နိုဝင်ဘာလ ၁၄ ရက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်းရှိ Hotel 46 ၌ ဖမ်းဆီးရမိသူများ



မြတ်သူ၊ ဇင်ကိုလင်း၊ မြသန္တာခိုင်၊ လှဲ့ရည်ဖြိုး၊ အောင်စည်သူခန့်

နိုဝင်ဘာလ ၁၅ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ စံပယ်ဖြူကွန်ဒို၌ ဖမ်းဆီးရမိသူများ



တေဇာနေလင်း၊ မင်းသွေးမြင့်၊ စည်သူဟိန်း၊ အောင်မင်းခန့်၊ မင်းမောင်၊ ဝေယံဦး၊ စိုးသူ

နိုဝင်ဘာလ ၁၅ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ Rock Star စားသောက်ဆိုင်၌ ဖမ်းဆီးရမိသူများ



ဇင်သူလင်း၊ ဆွေလင်းအောင်၊ အောင်ဖြိုးပိုင်

နိုဝင်ဘာလ ၁၅ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သရက်တောလမ်း၊ စည်ပင်ရုံးအနီး၌ဖမ်းဆီးရမိသူများ



စံသိန်း၊ ဇင်မင်းထွန်း

နိုဝင်ဘာလ ၁၅ ရက်တွင် လှိုင်မြို့နယ်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၁၀)၊ (၃) လွှာ၌ ဖမ်းဆီးရမိသူများ



ရန်မျိုးအောင်၊ ရန်နိုင်ထွန်း၊ အောင်နိုင်ဦး

နိုဝင်ဘာလ ၁၅ ရက်တွင် ဒဂုံမြို့နယ်၊ ယောမင်းကြီး ရပ်ကွက်၊ အမှတ်(၆၁/အေ)၊ (၆) လွှာ၌ဖမ်းဆီးရမိသူများ



ကျော်ဇေလင်း၊ ရဲရင့်အောင်

နိုဝင်ဘာလ ၁၅ ရက်တွင် မြောက်ဒဂုံမြို့နယ်၌ ဖမ်းဆီးရမိသူများ



အိကေခိုင်၊ ကျော်သူအောင်

နိုဝင်ဘာလ ၁၆ ရက်တွင် မရမ်းကုန်းမြို့နယ်၌ ဖမ်းဆီးရမိသူများ



ခိုင်ဇင်သော်၊ အောင်မြင့်သိန်း

နိုဝင်ဘာလ ၁၆ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၌ ဖမ်းဆီးရမိသူများ



အောင်ကိုဦး၊ မျိုးမင်းခိုင်

နိုဝင်ဘာလ ၁၆ ရက် တောင်ဥက္ကလာပမြို့နယ်၌ဖမ်းဆီးရမိသူများ



ထိန်လင်း၊ ဝင်းအေး၊ ဟိန်းထက်အောင်၊ စောဘယ်လ်ဇင်ထူး၊ အောင်အောင်၊ အောင်ပိုင်ဖြိုး

နိုဝင်ဘာလ ၁၆ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ စံပယ်ဖြူကွန်ဒို၌ ဖမ်းဆီးရမိသူ



မိုးစည်သူ

နိုဝင်ဘာလ ၁၆ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၌ ဖမ်းဆီးရမိသူများ



သီဟကျော်၊ အောင်ကိုလင်း၊ အောင်ကျော်ကျော်၊ ငစစ်

နိုဝင်ဘာလ ၁၆ ရက်တွင် ဗဟန်းမြို့နယ်၌ ဖမ်းဆီးရမိသူများ



အံ့ကမ္ဘာ၊ အားမာန်စိုး၊ ခင်စပယ်အောင်၊ သီတာအေးစုနိုင်

နိုဝင်ဘာလ ၁၇ ရက်တွင် မရမ်းကုန်းမြို့နယ်၌ ဖမ်းဆီးရမိသူများ




ကေသွယ်ဖြိုး၊ ရဲလင်းဦး

နိုဝင်ဘာလ ၁၇ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၌ ဖမ်းဆီးရမိသူ



အောင်ဘုန်းကျော်

# အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော် တို့၏ စေခိုင်းချက်အရ သန်လျင်တံတား၊ မြောက်ဥက္ကလာပတံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား




**AREA(1) – ၁၁ ဦး**
- ဒဂုံမြို့သစ်(အရှေ့)။
- ဒဂုံမြို့သစ်(တောင်))။
- ဒဂုံမြို့သစ်(မြောက်)။
- ဒဂုံမြို့သစ်(ဆိပ်ကမ်း)။

**AREA(2) – ၁၂ ဦး**
- တောင်ဥက္ကလာပ။
- မြောက်ဥက္ကလာပ။
- ဗဟန်း။
- သဃန်းကျွန်း။
- တာမွေ။
- မင်္ဂလာတောင်ညွန့်။

**AREA(3) – ၁၅ ဦး**
- လှိုင်
- လှည်းတန်း။
- စမ်းချောင်း။
- ကမာရွတ်။
- ကြည့်မြင်တိုင်။

**AREA(4) – ၁၂ ဦး**
- အလုံ။
- ပုဇွန်တောင်။
- ဗိုလ်တထောင်။
- လမ်းမတော်။
- ကျောက်တံတား။
- လသာ။

**AREA(5) – ၁၀ ဦး**
- သာကေတ။
- သန်လျင်။
- ဒေါပုံ။

**AREA(6) – ၈ ဦး**
- တွံတေး။
- ကော့မှူး။
- ကွမ်းခြံကုန်း။

**AREA(7) – ၈ ဦး**
- အင်းစိန်။
- လှိုင်သာယာ။
- ရွှေပြည်သာ။
- ထန်းတပင်။

## လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများ




ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုံ(၁)ရှိ Htun Brother သံထည်ဆောက်လုပ်ရေးဝင်းအတွင်းမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ



သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆရာစံလမ်း၊ City Mart အနီး၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ




ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ဥသျှဖရားလမ်းနေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ



တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း၊ တိုက်အမှတ်(၈၀၃)၊ (၃)လွှာမှ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ



သဃ်္ဃန်းကျွန်းမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၂၀)နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ



သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၂၉၁၊က/ခ)၊ (၄)လွှာမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ

# လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများ



မရမ်းကုန်းမြို့နယ်၊ အလယ်ဗဟိုလမ်း၊ APPOLO Hotel အနီး သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ



သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သရက်တောလမ်း၊ စည်ပင်ရုံးအနီးမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ



ဗဟန်းမြို့နယ်၊ ယူနိုက်တက်ကွန်ဒိုမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ

# အကြမ်းဖက်သမားများက ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခဲ့မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မှတ်တမ်းဓာတ်ပုံများ





ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗားကရာလမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းထောင့်ရှိ ဗားကရာမီးပွိုင့်ယာဉ်ထိန်းရုံး၌ ပစ်ခတ်မှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့မှု



မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ခေမာသီလမ်း၊ ကျော်သူတံတား၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာတွင် ထိခိုက်ဒဏ်ရာရရှိခဲ့မှု



သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရန်ကုန်-သန်လျင်တံတားအဆင်းရှိ တံတားလုံခြုံရေးကင်းရုံ ပစ်ခတ်ခံရမှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့မှု







ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာ၊ လုံခြုံရေးစစ်ဆေးရေးဂိတ်ပစ်ခတ်ခံရမှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့မှု